**စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ**

**(၂၀၂၄) ဖြင့်ဆောင်ရွက်မည့် စီမံကိန်းတွင်**

**ပူးပါင်းဆောင်ရွက်နိုင်ရန်အတွက်**

**ကျွမ်းကျင်ပညာရှင်များအားဖိတ်ခေါ်ခြင်း**

**(Expression of Interest)**

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် ဆောင်ရွက်မည့် "Promoting Eco-Innovation and Green Practices of MSMEs in Mekong- Countries and People Republic of China" စီမံကိန်းကို စိတ်ပါဝင်စားသူ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင် ပညာရှင်များနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

၂။ စိတ်ပါဝင်စားသည့် ပညာရှင်များသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest) ကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ ရုံးအမှတ်(၃၇) ၊ နေပြည်တော်သို့ လိပ်မူလျက် " ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁) ရက်နေ့၊ ညနေ (၄) နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည် ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI) ပုံစံနှင့် TOR တွင်ပါရှိသည့် သတ်မှတ်ချက်ပါ စာရွက်စာတမ်းများကို စက်မှုဝန်ကြီးဌာန၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၇) တွင် ၁၇.၂.၂၀၂၅ ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်-

ဖုန်း ၀၆၇-၃၄၀၈၁၂၈၊ ၀၉-၄၅၀၀၃၀၀၇၆

We, Directorate of Industrial Supervision and Inspection is currently calling an expert in the field of Eco-Innovation and Green Practices for MSMEs to implement the project "Promoting Eco-Innovation and Green Practices of MSMEs in Mekong Countries and People's Republic of China" funded by Mekong-Lancang Special Fund (2024).

**1.Applicant Information**

If there is more than one application, information must be filled out for all applicants.

| | |
|---|---|
| **Name** | |
| **Organization** | |
| **Position** | |
| **E-mail** | |
| **Phone Number** | |

**2. Opportunity Details**

**2.1 Opportunity Title**

| |
|---|
| |

**2.2 Descriptions**

| |
|---|
| |

Brief overview or details about the specific opportunities.

**2.3 Languages**

| | |
|---|---|
| **English** | |
| **Others** | |

## 3. Expression of Interest

### 3.1 Interest Statement

| |
|---|
| |

Brief statement expressing the interest and capabilities.

### 3.2 Relevant Experiences

| |
|---|
| |

Outline of past experiences or projects that make it a suitable applicant.

### 3.3 Technical Capabilities(if applicable)

| |
|---|
| |

Detail about the technical prowess or machinery, tools, software, etc.,

## 4. Additional Information

| |
|---|
| |

## 5. Supporting Documents

- Resume/ CV
- Organization Structure (if applicable)
- Project Implementation Plan

Signature

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန သည် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း အတွက် ပူးပေါင်း ဆောင်ရွက်ရန် စိတ်ဝင်စားသည့် Eco-Innovation and Green Practices နယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူလိုပါသည်။

**၁။ လျှောက်ထားသူ၏ အချက်အလက်များ**

တစ်ဦးထက်ပိုသည့် လျှောက်ထားခြင်းများအတွက် လျှောက်ထားသူအားလုံး၏ အချက် အလက် များကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည် ဖြစ်ပါသည်။

| | |
|---|---|
| အမည် | |
| အဖွဲ့အစည်းအမည် | |
| ရာထူး | |
| အီးမေးလ် | |
| ဖုန်းနံပါတ် | |

၂။ ကျွမ်းကျင်မှုဆိုင်ရာ အချက်အလက်များ

**၂.၁ ကျွမ်းကျင်မှုနယ်ပယ်**

| |
|---|
| |

**၂.၂ အသေးစိတ်ဖော်ပြချက်**

| |
|---|
| |

ကျွမ်းကျင်မှုနယ်ပယ်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များအား အကျဉ်းချုပ် ဖော်ပြရန်။

**၂.၃။ ဘာသာစကားကျွမ်းကျင်မှု**

| | |
|---|---|
| **အင်္ဂလိပ်** | |
| **အခြား** | |

## ၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ

### ၃.၁။ စိတ်ပါဝင်စားမှုဖော်ပြခြင်း

| |
|---|
| |

စိတ်ပါဝင်စားမှုနှင့်စွမ်းဆောင်ရည်များကို အကျဉ်းချုပ်ဖော်ပြရန်။

### ၃.၂။ ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံ

| |
|---|
| |

သင့်လျော်သောလျှောက်ထားသူဖြစ်လာစေသည့် ယခင်လုပ်ငန်းအတွေ့အကြုံများ သို့မဟုတ် စီမံကိန်းများကို အကျဉ်းချုပ် ဖော်ပြရန် ။

### ၃.၃။ နည်းပညာကျွမ်းကျင်မှု (ရှိပါက)

| |
|---|
| |

နည်းပညာဆိုင်ရာကျွမ်းကျင်မှုများကို ဖော်ပြရန်။

## ၄။ ထပ်ဆောင်းဖြည့်စွက်ချက်

| |
|---|
| |

## ၅။ ပူးတွဲပေးရမည့်အချက်အလက်များ

- ကိုယ်ရေးမှတ်တမ်းအကျဉ်း/ကိုယ်ရေးအချက်အလက်
- အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ
- စီမံကိန်းအပေါ် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် (proposal)

လက်မှတ်

## Terms of Reference (TOR) for Experts: Promoting Eco-Innovation and Green Practices of MSMEs in Mekong-Countries and People's Republic of China

### 1. Background

Promoting Eco-Innovation and Green Practices of MSMEs in Mekong-Lancang Countries project aims to promote eco-innovation and green practices among Micro, Small, and Medium Enterprises (MSMEs) in Mekong-Lancang Countries. This TOR outlines the responsibilities of the expert(s) who will be engaged to conduct specific tasks within the project.

### 2. Objectives of the Consultancy

The primary objectives of the consultancy are to:

**Conduct a comprehensive survey**: To assess the current level of eco-innovation and green practices among MSMEs in Mekong-Lancang countries, with a specific focus on Myanmar.

**Organize and facilitate a 3-days workshop** : To enhance the capacity of Mekong-Lancang Countries MSMEs in adopting eco-innovative practices and green technologies.

**Develop a detailed project report**: To document the report(Myanmar,English) that findings of the survey, workshop, and overall project activities, including recommendations for future initiatives.

### 3. Scope of Work

The expert(s) will be responsible for the following tasks:

**Task 1 : Survey Research**

a) **Design survey questionnaire**: Develop a comprehensive questionnaire to gather data on MSMEs' current practices, challenges, and opportunities related to eco-innovation and green practices.

b) **Conduct survey** :

- Implement an online survey to collect data from MSMEs across Mekong-Lanchang countries.
- Conduct on-site surveys in selected regions and the rest with online of Myanmar to gather in-depth information and validate survey findings

c) **Analyze survey data**: Analyze the collected data to identify trends, challenges, and opportunities for promoting eco-innovation and green practices.

**Task 2: Workshop Organization and Facilitation**

Develop workshop agenda: Develop a detailed agenda for the 3-day workshop based on the survey results, covering topics such as:

a) Introduction to eco-innovation and green practices
b) Identifying eco-innovation opportunities in MSMEs
c) Green technologies and their applications
d) Case studies of successful eco-innovative MSMEs
e) Practical workshops and group discussions
f) Identify and invite participants: Identify and invite relevant stakeholders, including MSMEs, government officials, industry experts, and NGOs.
g) Facilitate workshop sessions:Facilitate interactive sessions, presentations, and group discussions to share knowledge and experiences.
h) Provide technical assistance: Offer technical assistance and guidance to participants on specific eco-innovation and green practice topics.

**Task 3: Report Writing**

a) **Prepare a detailed project report**: Draft a comprehensive report summarizing the findings of the survey, workshop, and overall project activities.
b) Analyze survey data: Analyze the collected data to identify trends, challenges, and opportunities for promoting eco-innovation and green practices.
c) Develop recommendations: Formulate practical recommendations for policymakers, MSMEs, and other stakeholders to promote eco-innovation and green practices.
d) Finalize the report: Review and finalize the report, incorporating feedback from the project team and relevant stakeholders.

**4. Qualifications and Experience**

The expert(s) should possess the following qualifications and experience:

a) Advanced Master degree or Ph.d in environmental science or engineering or Renewable energy, or a related field.
b) Proven experience in conducting research, surveys, and data analysis.
c) Strong knowledge of eco-innovation, green technologies, green economy and sustainable development goals (SDGs)
d) Experience in working with MSMEs and facilitating workshops and training programs.
e) Excellent communication and interpersonal skills.
f) Fluency in English.

**5. Deliverables**

The expert(s) will deliver the following deliverables:

a) A detailed survey report, including data analysis and findings.
b) A comprehensive workshop report, including participant feedback and recommendations.
c) A final project report(English,Myanmar), summarizing the overall project activities and outcomes.

**6. Timeframe**

The consultancy is expected to be completed within [1 year], with specific deadlines for each task accordance with specific tasks schedule. **(Annex 1)**

**7. Payment**

The expert(s) will be paid according to the agreed-upon fee structure, which may include a fixed fee and/or a fee based on deliverables. Payments will be made in accordance with the project's payment schedule. The detail payment will be described in the agreement with Directorate of Industrial Supervision and Inspection and expert.

**8. Reporting**

The expert(s) will be required to submit regular progress reports to the project implementation unit (PMU), detailing the work completed, challenges faced, and future plans. The PMU will monitor the progress of the consultancy and provide necessary support and guidance.

## 9. Fees of expert/s and quotation

Expert/s who interested in participating in this project must submit the proposals (Technical and Financial) with full documentation of their qualifications and experiences as outlined in the TOR. (Not consider incomplete proposals)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်နိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဂေဟစနစ်ဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင် အလေ့အကျင့်ကောင်းများမြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန် ကျွမ်းကျင်ပညာရှင်များက ဆောင်ရွက်ပေးရမည့်အချက်များ (TOR)

၁။ **နောက်ခံအကြောင်းအရာ**

မဲခေါင်-လန်ချန်းနိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများအကြား ဂေဟစနစ်ဆိုင်ရာဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင်အလေ့အကျင့် ကောင်းများ ဖွံ့ဖြိုးလာစေရန်ရန် ရည်ရွယ်၍ " Promoting Eco-Innovation and Green Practices of MSMEs in Mekong-Lancang Countries" စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။TOR တွင် စီမံကိန်းအတွက် ကျွမ်းကျင်သူ (ပညာရှင်)မှ သီးခြားဆောင်ရွက်ပေးရမည့် လုပ်ငန်း တာဝန်များကိုဖော်ပြထားခြင်း ဖြစ်ပါသည်။

၂။ **ကျွမ်းကျင်ပညာရှင်ခေါ်ယူသည့် ရည်ရွယ်ချက်များ**

(က) **ကျယ်ပြန့်သည့်စစ်တမ်းကောက်ယူရန်** - မဲခေါင်-လန်ချန်းနိုင်ငံများ၊ အဓိကအားဖြင့် မြန်မာနိုင်ငံမှ ဂေဟစနစ်ဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့်အစိမ်းရောင်အလေ့အကျင့် များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် MSME များ ၏ အခြေအနေများ ကို ပြည့်စုံသည့်စစ်တမ်းများကောက်ယူခြင်း။

(ခ) **(၃) ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း** - မဲခေါင်-လန်ချန်းနိုင်ငံများ အကြား ဂေဟစနစ်ဆန်းသစ်တီထွင်ခြင်းနှင့် အစိမ်းရောင်အလေ့အကျင့်ကောင်းများ ကျင့်သုံးမှု ကိုမြှင့်တင်နိုင်မည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း။

(ဂ) **အစီရင်ခံစာပြုစုတင်ပြခြင်း** - စစ်တမ်းမှတွေ့ရှိချက်များ၊ စီမံကိန်းတစ်ခုလုံး ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များ နှင့် အခွင့်အလမ်းများဖော်ဆောင်နိုင်သည့် အကြံပြုသုံးသပ်ချက်များ ပြည့်စုံစွာပါဝင်သော အစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်) ကို ပြုစုခြင်း။

၃။ **စီမံကိန်းကာလအတွင်းလုပ်ဆောင်ရမည့် တာဝန်များ**

ကျွမ်းကျင်သူပညာရှင်အနေဖြင့် အောက်ဖော်ပြပါ အလုပ်တာဝန်များကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

**စီမံကိန်းပထမအဆင့်လုပ်ငန်းတာဝန်များ- စစ်တမ်းကောက်ယူခြင်း**

(က) **စစ်တမ်းမေးခွန်းလွှာပြုစုခြင်း**

MSMEs ၏ ဂေဟစနစ်ဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင်အလေ့အကျင့်များနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းရန်အတွက် လက်ရှိလုပ်ငန်း

ဆောင်ရွက်မှုအခြေအနေများ၊ အခက်အခဲများ နှင့် အခွင့်အလမ်းများ ပြည့်စုံစွာ ပါဝင်သော စစ်တမ်းမေးခွန်းလွှာကို ပြုစုခြင်း ။

(ခ) **Online စနစ်ဖြင့် စစ်တမ်းကောက်ယူခြင်း**

- မဲခေါင်-လန်ချန်းနိုင်ငံများရှိ MSMEs များကို Online ဖြင့် စစ်တမ်းကောက်ယူခြင်း၊
- မြန်မာနိုင်ငံအတွင်းရှိရွေးချယ်ထားသည့်ဒေသများသို့သွားရောက်၍ လက်တွေ့ ကျသည့် စစ်တမ်းကောက်ယူခြင်း နှင့်ကျန်ဒေသများအား Online ဖြင့် စစ်တမ်း ကောက်ယူခြင်း၊

(ဂ) **အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်း**

ကောက်ယူရရှိထားသည့် စစ်တမ်းများမှ အချက်အလက်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်ချက်များထုတ်ဖော်ခြင်း။

**စီမံကိန်းဒုတိယအဆင့်လုပ်ငန်းတာဝန်များ- အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း**

အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်ရေးဆွဲခြင်း - ကောက်ယူရရှိထားသည့် စစ်တမ်းပါ ရလဒ်များ ကို အဓိကထား၍ (၃)ရက်ကြာကျင်းပပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲအတွက် အောက်ဖော်ပြပါ အစီအစဉ်များ ရေးဆွဲပေးရပါမည် -

(က) ဆန်းသစ်တီထွင်မှုရှိသော ဂေဟစနစ်နှင့် အစိမ်းရောင်အလေ့အကျင့်ကောင်း များအကြောင်းမိတ်ဆက်ခြင်း

(ခ) MSMEs များအတွက် ဂေဟစနစ်ဆန်းသစ်တီထွင်မှု အခွင့်အလမ်းများ

(ဂ) Green Practices နှင့် ပတ်သက်သည့် အသုံးချမှုများ

(ဃ) အောင်မြင်လျက်ရှိသည့် eco-innovative MSMEs လုပ်ငန်းများအပေါ် လေ့လာ သုံးသပ်ခြင်း၊

(င) အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း

(စ) သက်ဆိုင်ရာ Stakeholders, MSMEs, အစိုးရအရာထမ်းများ၊စက်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်NGOs များကိုရွေးချယ်ဖိတ်ကြားနိုင်ရေးဆောင်ရွက်ခြင်း၊

(ဆ) အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်သည့် အဖွဲ့လိုက်ဆွေးနွေးခြင်းများ၊ တစ်ဦးချင်း ဆွေး နွေးတင်ပြချက်များ ၊ အတွေ့အကြုံဗဟုသုတမျှဝေခြင်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး ကြီးကြပ်ပေးခြင်း၊

(ဇ) ဂေဟစနစ်ဆန်းသစ်တီထွင်မှု၊အစိမ်းရောင်အလေ့အကျင့်ကောင်းများ နှင့် စပ်လျဉ်း၍ နည်းပညာများ နှင့် လိုအပ်သည့်လမ်းညွှန်မှုများပေးခြင်း။

**စီမံကိန်းတတိယအဆင့်လုပ်ငန်းတာဝန်များ- အစီရင်ခံစာပြုစုတင်ပြခြင်း**

(က) စီမံကိန်းကာလတစ်လျှောက်လုံးရှိ ဆောင်ရွက်မှုများ၊ အလုပ်ရုံဆွေးနွေးပွဲပြုလုပ် မှုများ၊စစ်တမ်းကောက်ယူရရှိမှုကိုအကျဉ်းချုပ်၍ပြီးပြည့်စုံသောအစီရင်ခံစာတစ်စောင် ရေးဆွဲတင်ပြခြင်း။

(ခ) ကောက်ယူထားသည့်စစ်တမ်းများမှ ဂေဟစနစ်ဆန်းသစ်တီထွင်မှုနှင့် အစိမ်းရောင်အလေ့အကျင့်ကောင်းများကိုမြှင့်တင်နိုင်သည့် အခွင့်အလမ်းများ၊ အခက်အခဲများ နှင့် တိကျသေချာသည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်၍ ပိုင်းခြားစိတ်ဖြာခြင်း။

(ဂ) ဂေဟစနစ်ဆန်းသစ်တီထွင်မှုဆိုင်ရာများနှင့် အစိမ်းရောင်အလေ့အကျင့်ကောင်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် policymakers, MSMEs and other stakeholders များ ၏ လက်တွေ့ကျသော အကြံပြုသုံးသပ်ချက်များကို ရယူခြင်း။

(ဃ) စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ နှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၏ အကြံပြုချက်များကို ထည့်သွင်း၍ ပြည့်စုံသည့်အစီရင်ခံစာကို ပြုစုခြင်း။

## ၄။ အရည်အချင်းနှင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ

ကျွမ်းကျင်သူ(များ)သည် အောက်ဖော်ပြပါ အရည်အချင်းများ နှင့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများရှိရပါမည်-

(က) Environmental science သို့မဟုတ် Engineering သို့မဟုတ် Renewable energy တို့နှင့်ဆက်နွယ်သည့် မဟာဘွဲ့(သို့မဟုတ်) ဒေါက်တာဘွဲ့ ရရှိပြီးသူဖြစ်ရပါမည်။

(ခ) ယခင်လုပ်ငန်းအတွေ့အကြုံများဖြစ်သည့် သုတေသနပြုလုပ်ခဲ့ခြင်းများ၊ စစ်တမ်းကောက်ယူခဲ့ခြင်းများနှင့် ဒေတာများခွဲခြမ်းစိတ်ဖြာခြင်းများ ဆောင်ရွက်ထားရှိမှုကို တင်ပြနိုင်ရပါမည်။

(ဂ) ဂေဟစနစ်ဆန်းသစ်တီထွင်ခြင်း ၊ Green technologies ၊ အစိမ်းရောင်စီးပွားရေးနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ နှင့်ပတ်သက်သော အတွေ့အကြုံကောင်းများ ရှိရပါမည်။

(ဃ) အလုပ်ရုံဆွေးနွေးနှင့်သင်ကြားပို့ချမှုအစီအစဉ်များရေးဆွဲဆောင်ရွက်ခြင်းနှင့် MSMEs များနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရပါမည်။

(င) ဆက်သွယ်ရေးနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်မှုရှိရပါမည်။

(စ) အင်္ဂလိပ်စာ ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်ရပါမည်။

၅။ **ဆောင်ရွက်ပေးရမည့် အချက်များ**

(က) အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း နှင့် တွေ့ရှိချက်များပါဝင်သော အသေးစိတ် စစ်တမ်း အစီရင်ခံစာ ပြုစုပေးရပါမည်။

(ခ) ဆွေးနွေးပွဲတက်ရောက်သူများ၏ အကြံပြုချက်များပါဝင်၍ ပြည့်စုံသည့် အလုပ်ရုံ ဆွေးနွေးပွဲ အစီရင်ခံစာပြုစုပေးရပါမည်။

(ဂ) စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရလဒ်များကို အကျဉ်းချုပ် ထားသည့် စီမံကိန်းပြီးစီးမှုအစီရင်ခံစာပြုစုပေးရပါမည်။

၆။ **အချိန်ကာလသတ်မှတ်ချက်**

စီမံကိန်းကို[၁ နှစ်]အတွင်း ဆောင်ရွက်ရမည်ဖြစ် ပြီး လုပ်ငန်းစဉ်တစ်ခုစီကို လျာထားသည့် ကာလအတွင်း အချိန်မီပြီးစီးရန် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ (နောက်ဆက်တွဲ-က)

၇။ **ငွေပေးချေမှု**

ကျွမ်းကျင်ပညာရှင်နှင့် သဘောတူထားသည့် အခကြေးငွေအား သတ်မှတ်ထားသော ငွေပေးချေမှု ပုံစံအရ ပေးချေသွားပါမည်။ စီမံကိန်း၏ငွေပေးချေမှု အစီအစဉ် နှင့်အညီ ပေးချေမည် ဖြစ်ပါသည်။ ငွေပေးချေမှုအသေးစိတ်ကို ကျွမ်းကျင်ပညာရှင်နှင့် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနတို့၏ သဘောတူညီမှု လက်မှတ်ရေးထိုးရာတွင် ထည့်သွင်းဖော်ပြမည် ဖြစ် ပါသည်။

၈။ **အစီရင်ခံစာပြုစုခြင်း**

ကျွမ်းကျင်သူ(များ)သည် စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့သို့ ပုံမှန်တိုးတက်မှုအစီရင်ခံစာများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် တင်ပြရမည်ဖြစ်ပါသည်။ စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့သည် လုပ်ငန်း ၏ တိုးတက်မှုကို စောင့်ကြည့်ပြီး လိုအပ်သော ပံ့ပိုးကူညီမှု နှင့် လမ်းညွှန်မှုများကို ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

၉။ **စီမံကိန်းဆောင်ရွက်မည့်အဆိုပြုလွှာခေါ်ယူခြင်း**

ဤစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ကျွမ်းကျင်သူများ သည် လုပ်ငန်းတာဝန်များ(TOR)တွင် ဖော်ပြထားသည့် အရည်အချင်းနှင့်အတွေ့အကြုံများကို အထောက်အထားပြည့်စုံစွာဖြင့် အဆိုပြုလွှာ(Technical, Financial)နှင့်အတူ ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။

**Promoting Eco-Innovation and Green Practices of MSMEs in Mekong Countries and People's Republic of China**

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေ (၂၀၂၄)**

**ကျွမ်းကျင်ပညာရှင်နှင့်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

**Tentative Schedule**

| စဉ် | အကြောင်းအရာ | ဆောင်ရွက်မည့် အစီအစဉ် | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | 2025 | | | | | | | | | | | | 2026 | | | | | | | |
| | | Jan | Feb | Mar | Apri | May | Jun | July | Aug | Sep | Oct | Nov | Dec | Jan | Feb | Mar | Apri | May | Jun | July | Aug |
| (က) | ကျွမ်းကျင်ပညာရှင်ငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခြင်း | | ■ | | | | | | | | | | | | | | | | | | |
| (ခ) | research study ပြုလုပ်ရန် ပြင်ဆင်ခြင်း | | ■ | ■ | | | | | | | | | | | | | | | | | |
| (ဂ) | Research study အတွက် မဲခေါင်နိုင်ငံများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | ■ | ■ | | | | | | | | | | | | | | | |
| (ဃ) | research study ရလဒ်များကို သုံးသပ်ပြုစုခြင်း | | | | | | ■ | ■ | | | | | | | | | | | | | |
| (င) | ဆွေးနွေးပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် ပြင်ဆင်ခြင်း | | | | | | | ■ | ■ | ■ | | | | | | | | | | | |
| (စ) | ဆွေးနွေးပွဲ အတွက် ကိုယ်စားလှယ်များ ဖိတ်ကြားခြင်း | | | | | | | | | ■ | ■ | ■ | | | | | | | | | |
| (ဆ) | ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း | | | | | | | | | | | ■ | ■ | | | | | | | | |
| (ဇ) | အစီရင်ခံစာများ ပြုစုပေးပို့ခြင်း | | | | | | | | | | | | | ■ | ■ | ■ | | | | | |